# ဆရာတော်အရှင်ကေလာသ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်
# (၁၉၃၆-၁၉၉၆)

ဆရာတော်အရှင်ကေလာသသည် မိတ္ထီလာခရိုင်၊ သာစည်မြို့အပိုင်၊ သဲပုံရွာ၊ ခမည်းတော် ဦးကောင်းငြိမ်း၊ မယ်တော် ဒေါ်ချောတို့မှ ၁၂၉၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်၊ (၁၉၃၆ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊) တနင်္လာနေ့နံနက် (၅)နာရီခွဲ အချိန်တွင် ဖွားမြင်သည်။ အစ်ကိုတစ်ဦးနှင့် နှမနှစ်ဦးရှိ၍ ဒုတိယမြောက် သားရတနာ ဖြစ်သည်။

သဲပုံရွာကျောင်းဆရာတော်ထံ ၁၁-နှစ်သားအရွယ်မှ စ၍ ပိဋကတ်အခြေခံ ကျမ်းစာများကို စတင် သင်ယူခဲ့သည်။ ထို့နောက် မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းသို့ သဲပုံရွာကျောင်းဆရာတော် ဦးတေဇဝန္တ က အပ်နှံ၍ အထက်တန်းပညာရပ်များကို ဆက်လက် သင်ယူစေခဲ့သည်။

မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် အထက်တန်းပညာများ သင်ကြား၍ စာမေးပွဲများ ဝင်ရောက်ဖြေဆိုရာ အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် စာချတန်းစာမေးပွဲများကို ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ သာမဏေဘဝက ပင် အောင်မြင်၍ " သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့သည်။

၁၃၁၉ခုနှစ် ကဆုန်လဆန်း (၈)ရက်နေ့တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ခဏ္ဍသိမ်တော်ကြီး၌ (အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်သာသနာပိုင်) သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မန္တလေး မြို့၊ ၈၂ လမ်းနေ ဒေါ်ထွန်း၊ (မောင်) ကိုစံညွန့်၊ (တူ) မောင်ထွန်းဝင်း၊ (တူမ) အမာဌေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းဖြစ်ပြီးနောက် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၊ ပိုက်ကျုံးဆရာတော် ဦးဇာနေယျဗုဒ္ဓိ (အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ တွဲဘက်ရွှေကျင်သာသနာပိုင်) အထံတော်တွင် နိကာယ်ကျမ်းကြီးများကို အဋ္ဌကထာ ဋီကာအဖွင့်များနှင့်တကွ သင်ယူ၍ ရဟန်းသိက္ခာ (၃)ဝါအရတွင် တိပိဋကရေရွေးချယ်ပွဲ၌ သုတ္တန်သုံးကျမ်းလုံးကို အာဂုံပြန်စွမ်းနိုင်သဖြင့် ဒီဃဘာဏက ဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့နောက် ရေးဖြေစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုရာ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ကိုပါ ရရှိသဖြင့် ပိဋကတစ်ပုံဆောင် တစ်ပုံအောင် ပုဂ္ဂိုလ်အဖြစ် ထင်ရှားတော်မူခဲ့သည်။

ဆရာတော်အရှင်ကေလာသသည် စာသင် စာချ ပရိယတ္တိတာဝန် ထမ်းဆောင်ရုံမျှဖြင့် အားမရသေးဘဲ ပဋိပတ္တိ တာဝန်ကိုလည်း ထမ်းဆောင်လိုပြန်သဖြင့် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၌ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာ တော်ဘုရားကြီး၏ အရိပ်အာဝါသကို ခိုလှုံ၍ သတိပဋ္ဌာန်တရားပွားများ အားထုတ်ခဲ့ပါသည်။ ဉာဏ်စဉ်တရားနာကြား ခွင့် ရခဲ့ရုံမျှမက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုဖြင့် မဟာစည်သာသနာ ကျယ်ပြန့်အောင် ထမ်းဆောင်နိုင်ခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းစာများကို သူတော်စင်တို့ လက်ဝယ် ရောက်ရှိ အောင် ကြိုးစား ရိုက်နှိပ် ဖြန့်ချီပေးခဲ့လေသည်။

ဆရာတော်အရှင်ကေလာသသည် အနေအထိုင် ကျစ်လစ် သိပ်သည်း၍ ကြည်ညိုဖွယ်ရာ ဥပဓိသမ္ပတ္တိနှင့် ပြည့်စုံသည်။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ပုံပန်းသဏ္ဍာန် အလွန်တူ၍ အရပ်အမောင်း ကောင်းလှသည်။

၁၉၇၉ခုနှစ်က မဟာစည်ဆရာတော်ဘုရားကြီး နိုင်ငံရပ်ခြားသို့ သာသနာပြုခရီး ကြွရောက်ရာတွင် ဆရာတော် အရှင်ကေလာသလည်း နောက်ပါတပည့် ရဟန်းတစ်ပါး(ပစ္ဆာသမဏ)အနေဖြင့် အနီးကပ် လိုက်ပါခွင့် ရရှိခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိသောအခါ ဆရာတော်အရှင်သီလာနန္ဒနှင့် ဆရာတော်အရှင်ကေလာသတို့အား ထေရဝါဒသာသနာတော် ပြန့်ပွားရေးအတွက် တာဝန်ပေးတော်မူခဲ့ပါသည်။

ထိုတာဝန်ပေးချက်အရ မေရီလင်းပြည်နယ်၊ ဆေးလ်ဗားစပရင်းမြို့ရှိ မင်္ဂလာရာမကျောင်း၌ (၁၇) နှစ်တိုင်တိုင် သီတင်းသုံး သာသနာပြုခဲ့ပါသည်။

ဆရာတော်အရှင်ကေလာသသည် " ရှင်ကျင့်ဝတ် နှင့် အခြေပြုဗုဒ္ဓဘာသာ"၊ " အလယ်တန်းဗုဒ္ဓဘာသာ "၊ " အခြေခံအဘိဓမ္မာ "၊ " သြဝါဒကထာပေါင်းချုပ် " တို့အပါအဝင် ကျမ်းစာအုပ်( ၆ )အုပ်ကို မြန်မာနိုင်ငံ၌လည်းကောင်း၊ " အရှင်ကေလာသနှင့် အမေရိကန်သာသနာပြုခရီး "၊ "အမေရိကန်သာသနာပြုနှင့် အရှင်ကေလာသ "၊ " မင်္ဂလာရာမ အခြေခံသာသနာရေး (၁) (၂) (၃) " တို့ကို အမေရိကန်နိုင်ငံ၌လည်းကောင်း စုစုပေါင်း ကျမ်းစာ (၁၁)အုပ်ကို ရေးသား ပြုစုတော်မူခဲ့ပါသည်။

ဆရာတော်အရှင်ကေလာသသည် သာသနာပြုလုပ်ငန်းကို အစဉ်တစိုက် အားသွန်ခွန်စိုက် ကြိုးပမ်းရင်း ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ ရောဂါဝေဒနာ စွဲကပ်လာခဲ့ရာ ပါရဂူဆရာဝန်ကြီးများ၏ ကုသမှုခံယူရင်း ၁၉၉၆ ခုနှစ်၊ သြဂုတ်လ (၂၈) ရက်၊ ညနေ (၃) နာရီ၊ (၃၅) မိနစ်တွင် တစ်ဘဝတာ အပန်းအနွမ်းများကို ဖြေဖျောက်လျက် ခန္ဓာဇာတ်သိမ်း အငြိမ်းယူတော်မူခဲ့ပါသည်။

( ၁၉၉၆ ခုနှစ်၊အောက်တိုဘာလထုတ် အတွဲ-၄၊ လောကချမ်းသာဂျာနယ်မှ)